
# မအစလျှာဝါ နှင့် ပင်ကိုရေးပုံပြင်များ

## ဝင်းဇော်(သုံးဆယ်)



မိုးခွင်းကြယ်
ကာလေးမတ်ပုံပြင်

mgyoe.com
mgyoe.com



# မအလ္လာဝါ နှင့် ပင်ကိုရေးပုံပြင်များ

**ဝင်းဇော်(သုံးဆယ်)**

WZ0013

900.00 KS

mgyoe.com

mgyoe.com

စာမူနှင့်အပြင်အဆင့်မူပိုင် – ဦးစန်းဦး

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် – ဗိုသံ

ထုတ်ဝေသူ – ဒေါ်အိဝတ်ရည်ထွန်း၊
ဂျူပီတာပေ၊ (၀၂၀၇၇)၊ ဓမ္မာရုံလမ်း လှိုင်၊ ရန်ကုန်။
ပုံနှိပ်သူ – ဦးစန်းဦး၊
SKCC PRESS (၀၀၄၁၃)၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊
အုပ်ရေ ၅၀၀၊

၄၀၀ ကျပ်

mgyoe.com

mgyoe.com

# မအဏ္ဏဝါနှင့်
# ပင်ကိုရေးပုံပြင်များ

---

ဝင်းဇော်(သုံးဆယ်)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မျောက်ကလေး တိုးမောင် | ၁ |
| ၂။ | မောင်ဒီပါနှင့် ဘဝပြဿနာ | ၆ |
| ၃။ | နောက်ပြောင်မိသူ၏ အမှား | ၁၃ |
| ၄။ | ငပေါ၏ နောင်တ | ၁၈ |
| ၅။ | ပါးနပ်သော မြင်း | ၂၄ |
| ၆။ | ဉာဏ်များသောသူခိုးနှင့် ပါးနပ်သောသူဌေး | ၂၇ |
| ၇။ | မောင်အနှင့် မယ်န | ၃၁ |
| ၈။ | သူတော်ကောင်းနှင့် သူခိုး | ၃၃ |
| ၉။ | ပါးနပ်သော ဖျိုင်း | ၃၈ |
| ၁၀။ | ယပ်ခတ်သူနှစ်ဦး | ၄၃ |
| ၁၁။ | မာနကြီးသောမြင်း | ၄၇ |
| ၁၂။ | သစ္စာမဲ့လျှင် | ၅၁ |
| ၁၃။ | ကျေးရူးသိတတ်သူ | ၅၆ |


mgyoe.com

mgyoe.com

၁၄။ စည်းကမ်းအတိုင်း ၆၀

၁၅။ ဆရာ့ဂုဏ်ကို မြှင့်တင်သော တပည့် ၆၃

၁၆။ မအဏ္ဏဝါ ၆၇

၁၇။ မကောင်းစိတ်ကြံ ဘေးရန်ထိ ၇၇

၁၈။ သူဌေးမကြီးနှင့် မိန်းကလေးနှစ်ဦး ၈၂

၁၉။ ပင်ယံထက်ပျော် မောင်ရာကျော် ၈၆

၂၀။ သတ္တဝါများ မေတ္တာထား ၉၃

❐

mgyoe.com

mgyoe.com

# မျောက်ကလေး



mgyoe.com

mgyoe.com

၊

# မျောက်ကလေးတိုးမောင်

တစ်ခါတုန်းက ရွာတစ်ရွာတွင် မောင်ညိုဆိုသော လူငယ်တစ်ဦးရှိလေသည်။ မောင်ညို၏နေအိမ်သည် ရွာစွန်ရွာဖျားတွင်ရှိ၏။ မောင်ညိုသည် တောထဲတွင် သစ်ဝါးခုတ်သောအလုပ်ဖြင့် ဝင်ငွေရှာကာ အသက်မွေးဝမ်းကျောင်းပြုလေ၏။

တစ်နေ့တွင် မောင်ညိုသည် တောထဲသို့ သစ်ဝါးခုတ်ရန် လာခဲ့လေ၏။ တောတွင်းတစ်နေရာတွင် အော်မြည်နေသော အသံတစ်ခုကြောင့် ထိုနေရာသို့ ရောက်အောင်လာခဲ့လေသည်။ အော်မြည်သံသည် မောင်ညိုနှင့် နီးကပ်လာလေ၏။ မောင်ညိုသည် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် အံ့သြသွားမိလေ၏။ သေးငယ်သော မျောက်ကလေးတစ်ကောင်သည် မြေပြင်ပေါ်တွင် ပက်လက်လှန်လျက် ငြိမ်သက်နေသော မျောက်မကြီး၏ ခန္ဓာကိုယ်အား လက်ဖြင့်ပုတ်ကာ အော်ဟစ်နေခြင်းဖြစ်သည်။ မောင်ညိုက အသေအချာကြည့်သောအခါ မျောက်မကြီးမှာ သေဆုံးနေ့ကြောင်း သိရလေ၏။

mgyoe.com

mgyoe.com


မောင်ညိုသည် မျောက်ကလေးအား သနားသွားလေ၏။ မျောက်မကြီးမှာ ရောဂါဘယကြောင့် သေဆုံးသွားခြင်းဖြစ်မည်ဟု တွေးမိလေသည်။ ထို့ကြောင့် မောင်ညိုသည် မျောက်ကလေး၏အနီးသို့ ချဉ်းကပ်သွားလေသည်။ မျောက်ကလေးက မောင်ညိုကိုမြင်လျှင် ပြေးရန်ဟန်ပြင်လေသည်။ သို့သော် မောင်ညိုက မျောက်ကလေးအားချော့မြှူ၍ ဖမ်းလိုက်လေသည်။ မျောက်ကလေးက အတင်းရုန်းကန်၏။ မောင်ညိုက မျောက်ကလေး၏ကျောပြင်ကို လက်ဖြင့်ယုယစွာသပ်ပေးလေသည်။ မျောက်ကလေးသည် မောင်ညို၏လက်ထဲတွင် ငြိမ်သက်နေလေသည်။

"ငါကမင်းကို အန္တရာယ်မပြုပါဘူး၊ မင်းအမေက သေနေပြီ၊ ဒီတောတွင်းထဲမှာ မင်းတစ်ကောင်တည်း နေရင် မင်းကို အခြားတိရစ္ဆာန်တွေက အန္တရာယ်ပြုကြလိမ့်မယ်၊ ဒီတော့ မင်းကို ငါကျွေးမွေးမှဖြစ်တော့မယ်"

မောင်ညိုသည် မျောက်ကလေးအား သူ၏အိမ်သို့ ခေါ်လာလေ၏။ အိမ်သို့ရောက်လျှင် နွားနို့တိုက်ကျွေး၏။ မျောက်ကလေးနေရန် သစ်သားလှောင်အိမ်ဆောက်သည်။ မောင်ညိုသည် တောထဲမှ မျောက်ကလေးတစ်ကောင်ဖမ်းလာသည်ဆိုသည့် သတင်းကတစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။ ရွာထဲမှ ကလေးလူကြီးမှန်သမျှသည် မျောက်ကလေးအားလာရောက်ကြည့်ရှုကြလေ၏။ မျောက်ကလေးသည် မောင်ညို၏ရင်ခွင်ထဲသို့ တိုးဝင်ကာ ကြောက်နေလေ၏။

မောင်ညိုသည် မျောက်ကလေးအား တိုးမောင်ဟု အမည်ပေးထား၏။ သားသမီးပမာ ချစ်ခင်၏။ မောင်ညိုသည် တောထဲသို့ ထင်းခုတ်သွားတိုင်း မျောက်ကလေးအား ခေါ်ဆောင်သွားလေ့ရှိသည်။

မောင်ညိုသည် မျောက်ကလေးအား အကသင်ပေး၏။ ပစ္စည်းပစ္စယများကို ယူဆောင်ခိုင်း၏။ ကျင်ကြီးကျင်ငယ်စွန့်ရမည့်နေရာကို ပြသပေးထားသည်။ အချိန်ကျလျှင် မျောက်ကလေးသည် မောင်ညို၏ပြော

mgyoe.com

mgyoe.com


စကားများကို နားလည်သည့်အလား လုပ်ဆောင်နေတတ်၏။ မျောက်ကလေးသည် ကလေးငယ်တစ်ဦးပမာ ဆော့ကစားနေတတ်သည်။

မျောက်ကလေးသည် တဖြည်းဖြည်းကြီးပြင်းလာ၏။ မောင်ညိုသည် အရွယ်ရောက်လာသော မျောက်ကလေးကိုကြည့်ရင်း ....

"အင်း....တိုးမောင်က အရွယ်ရောက်လာပြီ၊ သူ့အပေါ် ငါကလည်း သားသမီးလို ချစ်နေရတာ၊ တောထဲကို ခေါ်သွားတုန်း မျိုးတူမျောက်တွေကိုမြင်ရင် တိုးမောင်က လိုက်သွားချင် လိုက်သွားလိမ့်မယ်။ ဒီတော့ တိုးမောင်ကို တောထဲခေါ်မသွားတော့ဘူး" ဟု ဆုံးဖြတ်လေ၏။

မောင်ညိုသည် တောထဲသို့ထင်းခုတ်သွားသည့်အခါ မျောက်ကလေးကို လှောင်အိမ်ထဲတွင် ထည့်ထားခဲ့၏။ ရွာထဲမှ ကလေးများသည် မောင်ညို၏အိမ်တွင် မျောက်ကလေးမှာ လှောင်အိမ်ထဲတွင် ကျန်ခဲ့သည်ကို သိသောအခါ လှောင်အိမ်အပြင်မှ စကြလေ၏။ မျောက်ကလေးက သည်းမခံနိုင်၍ ကုတ်ဖဲ့ကိုက်ချင်၏။

မောင်ညိုသည် တောထဲမှ ပြန်လာလျှင် မျောက်ကလေးကို လှောင်အိမ်ထဲမှထုတ်၍ အစာကျွေး၏။ ဆော့ကစားစေ၏။ တိုးမောင်သည် ရွာထဲမှ သူ့အား စနောက်ထားသော ကလေးများကို မြင်လျှင် ကိုက်ရန်အတင်းလိုက်လေသည်။

"ဟဲ့...တိုးမောင်၊ မလုပ်ရဘူးလေ"

မောင်ညိုက တိုးမောင်ကိုလိုက်၍ ရိုက်၏။ တိုးမောင်က မောင်ညိုကိုပင် ပြန်ကိုက်ချင်နေ၏။

"ဟင်....တိုးမောင်၊ စရိုက်တွေ ကြမ်းတမ်းနေပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်"

မောင်ညိုသည် စဉ်းစားမရအောင် ဖြစ်နေလေ၏။ တစ်နေ့တွင် မောင်ညိုလာခဲ့၏။ ပြီးမှ အိမ်တွင်ကျန်ခဲ့သော တိုးမောင်၏အခြေအနေ

mgyoe.com

ကိုသိနိုင်ရန် အိမ်သို့ပြန်လာပြီး တစ်နေရာမှ ကြည့်ရှုနေလေ၏။ ရွာထဲမှ ကလေးများသည် တိုးမောင်ဒေါသဖြစ်အောင် စနေကြ၏။ တိုးမောင်က ကလေးများကို ကိုက်ချင်နေသည်။

"ဟဲ့....ကလေးတွေ မလုပ်နဲ့၊ အရင်ကတိုးမောင်က လူစကားနားလည်ပြီး သိပ်ယဉ်ကျေးတာ၊ မင်းတို့က တိုးမောင်ကို စရိုက်ဆိုးအောင် စကြ၊ နောက်ကြတော့ တိုးမောင်က ဒေါသဖြစ်ပြီး ကိုက်ချင်နေတာပေါ့။ တကယ်ဆို တိုးမောင်နဲ့ရင်းနှီးလာအောင် လုပ်သင့်တာပေါ့"

ဟု မောင်ညိုက ပြောပြလေသည်။

ထိုအခါ ကလေးများသည် မောင်ညို၏စကားကို နားလည်သဘောပေါက်ကာ တိုးမောင်အား စားစရာများ ကျွေးကြလေ၏။ တိုးမောင်သည် ကလေးများအား ရန်မပြုတော့ချေ။ မောင်ညိုက တိုးမောင်ကို ကလေးများနှင့် ဆော့ကစားစေ၏။ တိုးမောင်သည် ကလေးငယ်တစ်ဦးပမာ ဆော့ကစားနေတတ်လေသည်။ ကလေးများက လက်ခုပ်တီးပေးလျှင် တိုးမောင်က ကနေတတ်၏။

"ဟဲ့....ကလေးတွေ တွေ့ပြီလား၊ လူကို မဆိုထားနဲ့ တိရစ္ဆာန်တောင် ယဉ်ကျေးတဲ့စရိုက်ကို လေ့ကျင့်ပေးထားရင် ယဉ်ကျေးတယ်၊ ကြမ်းတမ်းတဲ့စရိုက်ကိုပေးရင် ဆိုးသွမ်းတယ်။ တိုးမောင်ကိုကြည့်ပြီး မင်းတို့ဘဝ ရှေ့ရေးအတွက် အတုယူသင့်တယ် မှတ်ထားကြနော်"

ဟု မောင်ညိုက ဆုံးမ၏။ ကလေးများသည် တိုးမောင်နှင့် ဆော့ကစားရသည်ကို ပျော်ရွှင်နေကြလေ၏။ မောင်ညိုသည် တောထဲသို့ ထင်းခုတ်သွားသည့်အခါ တိုးမောင်ကို ကလေးများနှင့် ဆော့ကစားနေစေ၏။ တိုးမောင်သည် ကလေးများနှင့်ဆော့ကစားပြီး အစာစားနေရလျှင် ပျော်နေလေတော့၏။

❒

mgyoe.com

mgyoe.com

# မောင်ပြ
## နှင့်
## သာဝကြွယ်မ



mgyoe.com

mgyoe.com

# မောင်ဒီပါနှင့် ဘဝပြဿနာ

ဟိုး ရှေးလွန်လေပြီးသောအခါက 'ရွာသာယာ' ဆိုသည့် ရွာတွင် သားအမိနှစ်ဦး နေထိုင်ကြလေ၏။ သားဖြစ်သူ၏အမည်မှာ မောင်ဒီပါ ဖြစ်လေ၏။ မောင်ဒီပါသည် မိခင်ဖြစ်သူအား လယ်သူရင်းငှားလုပ်ကိုင်၍ ကျွေးမွေးလေ၏။ မောင်ဒီပါမှာ အလုပ်ကို ကြိုးစားလုပ်ကိုင်သော်လည်း သားအမိနှစ်ယောက် ဝမ်းဝရုံလောက်သာ ရှိလေ၏။ ရွာသာယာရွာ၏နံဘေးတွင် အရှေ့မှအနောက်သို့ ဖြတ်သန်းစီးဆင်းနေသော 'ဆင်သေချောင်း' တစ်ခုရှိလေ၏။ ဆင်သေချောင်းသည် နွေမိုးဆောင်း ဥတုသုံးပါးစလုံးဖြတ်သန်းစီးဆင်းနေသော်လည်း ရေတို့သည် နောက်ကျိနေလေ၏။

မောင်ဒီပါသည် သူတို့သားအမိ၏ ဘဝနှင့် ဆင်သေချောင်းမှ ရေတို့ကို ကြည့်ရှုတွေးမိပြီး ...

'ဆင်သေချောင်းဟာ အဆက်မပြတ် စီးဆင်းနေပေမဲ့ ရေတွေကျတော့ နောက်ကျိလိုက်တာ၊ ဒီလိုပဲ ငါ့မှာလည်း တစ်နှစ်ပတ်လုံးနွားနဲ့

mgyoe.com

mgyoe.com

ရှန်းပြီး အလုပ်တွေကို အားသွန်ခွန်စိုက်လုပ်ကိုင်နေပေမဲ့ ဘဝက ဆင်းရဲမြဲပဲ'

ဟု စိတ်အားငယ်နေမိလေ၏။

တစ်နေ့တွင် အနောက်မဇ္ဈိမဒေသ၌ ခက်ခဲနက်နဲသော ဘဝပြဿနာများကို ဖြေရှင်းပေးနေသည့် ပညာရှိတစ်ဦးပေါ်ပေါက်နေကြောင်း မောင်ဒီပါ သတင်းကြားလေ၏။ ထို့ကြောင့် မောင်ဒီပါက မိမိဘဝမပြေလည်ရသည့် အကြောင်းကို အဖြေရှာပေးရန်အတွက် အနောက်မဇ္ဈိမဒေသမှ ပညာရှိထံ သွားရောက်၍ မေးမြန်းမည်ဟု ဆုံးဖြတ်လေ၏။ မောင်ဒီပါသည် သူခရီးသွားနေသည့်ကာလအတွင်း မိခင်ကြီးစားသောက်ရန် ရိက္ခာကို လယ်ပိုင်ရှင်ထံတွင် နေ့မအား ညမအား အလုပ်လုပ်ရင်း ရှာဖွေလေ၏။ ရိက္ခာကို စုဆောင်းမိလျှင် မောင်ဒီပါသည် မိခင်ကြီးကို ခွင့်ပန်၍ အနောက်မဇ္ဈိမဒေသသို့ လာခဲ့လေ၏။

ပြင်းပြင်းထန်ထန် ခရီးဆက်ခဲ့ရာ တစ်လခန့်အကြာတွင် လမ်းခရီး၌ တွေ့ရသော တဲအိမ်တစ်ခုကိုတွေ့၍ အိမ်ရှေ့မှရပ်ကာ ...

"အိမ်ရှင်တို့ခင်ဗျား၊ ကျွန်တော်ဟာ ခရီးသွားတစ်ဦးဖြစ်ပါတယ်။ ရေငတ်လာလို့ ရေတစ်ခွက်လောက် ကျွေးမွေးပြုကြပါဗျာ"

ဟု ပြောလေ၏။ တဲအိမ်အတွင်းမှ အဘွားအိုတစ်ဦးထွက်လာပြီး....

"ခရီးသွားလုလင်၊ အိမ်ထဲသို့ဝင်၍ ရေကို အလိုရှိသလောက် သောက်သုံးပါ။ အမောအပန်းဖြေပါ"

ဟု ပြောလေ၏။ မောင်ဒီပါသည် ရေကို အငမ်းမရ သောက်သုံးပြီး တဲအိမ်ထဲတွင် ခြေပစ်လက်ပစ်ထိုင်ချကာ အမောဖြေလေ၏။

"ခရီးသွားလုလင်၊ ဒီလောက် မောပန်းတကြီးနဲ့ ဘယ်အရပ်ကို သွားမလို့လဲ"

ဟု အဘွားအိုက မေးလေ၏။

mgyoe.com

မောင်ဒီပါက "ကျွန်တော်တို့ရွာနံဘေးက ချောင်းဟာ အစဉ်အမြဲ စီးဆင်းနေပေမဲ့ ရေတွေက နောက်ကျိနေပါတယ်။ ဒီလိုပဲ ကျွန်တော့်မှာလည်း အလုပ်နဲ့ လက်မပြတ်အောင် ကြိုးစားလုပ်ကိုင်ပေမဲ့ ဘဝ နိမ့်ကျနေပါတယ်။ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာ သိချင်လို့ အနောက်မဇ္ဈိမဒေသက ပညာရှိကြီးထံသို့ သွားမေးမလို့ပါ"ဟု ပြောပြလေ၏။

ထိုအခါ အဘွားအိုက ...

"ဒီလိုဆိုရင်တော့ ဟန်ကျလိုက်တာကွယ်။ အမေ့မှာ အသက်အရွယ်နှစ်ဆယ်ရှိပြီဖြစ်တဲ့ သမီးလေးဟာ အခုအချိန်အထိ စကားကို တစ်လုံးတစ်ပါဒမျှ မပြောသေးပါဘူး။ ဘာကြောင့်သမီးကလေးစကားမပြောသေးသလဲဆိုတာ ပညာရှိထံမှာ မေးမြန်းလာခဲ့စမ်းပါကွယ်"

ဟု မှာကြားလေ၏။

မောင်ဒီပါက .... "စိတ်ချပါ အမေအို၊ ကျွန်တော် မေးမြန်းလာခဲ့မယ်" ဟု ပြောလေ၏။ မောင်ဒီပါသည် အဘွားအိုကိုနှုတ်ဆက်ပြီး ခရီးဆက်ခဲ့ပြန်၏။ ခရီးအတန်သွားမိလျှင် မောင်ဒီပါသည် ဆာလောင်လွန်း၍လမ်း၌ တွေ့ရသော တဲအိမ်တစ်အိမ်အတွင်းသို့ ဝင်လာခဲ့လေ၏။ တဲအိမ်အတွင်းမှ အဘိုးအိုက ...

"အလို ခရီးပန်းလာတဲ့ သူငယ်ပါလား၊ ဘာအလိုရှိသလဲ"

ဟု မေးလေ၏။

မောင်ဒီပါက ဆာလောင်နေကြောင်းပြောပြရာ အဘိုးအိုက အစားအသောက်များ ကျွေးမွေးလေ၏။

"အမောင့်သွင်ပြင် ကြည့်ရတာပင်ပန်းလိုက်တာ၊ ဘယ်ခရီးကို သွားမှာမို့လဲ"

မောင်ဒီပါက လမ်းတွင်တွေ့ရသည့် အဘွားအိုအား ပြောပြသည့်အတိုင်း အဘိုးအိုကို ပြောလေသည်။

mgyoe.com

mgyoe.com


"ဟင် ဒီလိုဆိုရင်တော့ အဘိုးအိုမှာ ကြုံတွေ့နေရတဲ့ ပြဿနာလေး တစ်ခုကို အဘိုးအိုကိုယ်စား မေးပေးပါလားကွယ်"

"ဘာပြဿနာများလဲ အဘိုး"

"ဒီလိုကွဲ့ မောင်ရင်ရဲ့ ....၊ အဘ စိုက်ပျိုးထားတဲ့ အုန်းပင်တစ်ပင် ဟာ အရွက်အလက်တွေ ငွားငွားစွင့်စွင့် ရှိနေပေမဲ့ အနှစ်သုံးဆယ် ကျော် လာတဲ့အထိ ဘာကြောင့်အသီးမသီးသေးသလဲဆိုတာ တစ်ပါတည်း မေးမြန်းလာခဲ့စမ်းပါကွယ်"

ဟု မှာကြားလေ၏။

မောင်ဒီပါက...."စိတ်ချပါ အဘိုး၊ မေးလာခဲ့ပါ့မယ်"ဟု ကတိပေး ကာ ခရီးဆက်ခဲ့လေ၏။

သို့နှင့် မောင်ဒီပါသည် အနောက်မဇ္ဈိမဒေသရှိ ပညာရှိကြီးထံ သို့ ရောက်ရှိခဲ့လေ၏။ မောင်ဒီပါက ပညာရှိကြီးအား ဂါရဝပြု၍ ဘဝ ပြဿနာများကို မေးမြန်းလိုပြီး အဖြေရှာပေးပါရန် ခွင့်ပန်လေ၏။

ထိုအခါ ပညာရှိကြီးက ...

"လူကလေး၊ မင်း အဘိုးကို မေးမယ့်မေးခွန်းတွေဟာ တစ်ခုတည်း ဆိုရင် အဘိုးက ဖြေကြားပေးမှာ မဟုတ်ဘူး။ အဘိုးက နိမိတ်တဘောင် အတိတ်ဆောင်ပြီး ပြဿနာဟာ 'စုံ' ဖြစ်ရလိမ့်မယ်။ ဆိုလိုတာက ပြဿနာနှစ်ခု၊ ပြဿနာလေးခုဖြစ်မှ ဖြေကြားပေးမယ်။ 'စုံ'ဖြစ်မှ ဂုဏ် သစ်မယ်လို့ အဓိဋ္ဌာန်ပြုထားလို့ကွယ်"ဟု ပြောလေ၏။

မောင်ဒီပါမှာ မိမိပြဿနာက တစ်ခု၊ အဘွားအို၏ ပြဿနာက တစ်ခု၊ အဘိုးအို၏ပြဿနာကတစ်ခု စုစုပေါင်း ပြဿနာသုံးခုရှိနေ သဖြင့် 'မ'ဖြစ်နေလေ၏။ မောင်ဒီပါသည် အဘွားအိုနှင့် အဘိုးအိုအား ကတိပေးလာခဲ့မိသူဖြစ်၍ ကိုယ်ရေးကိုယ်တာ ဘဝပြဿနာကိုချန်လှပ် ပြီး အဘွားအိုနှင့် အဘိုးအိုတို့ မေးခိုင်းလိုက်သည့် ပြဿနာများကိုသာ

mgyoe.com

mgyoe.com


မေးမြန်းလေ၏။ ပညာရှိကြီးက အဘွားအိုနှင့် အဘိုးအိုတို့၏ ပြဿနာများကို စိတ်ရှည်လက်ရှည် ဖြေကြားပေးလေသည်။

မောင်ဒီပါသည် အဘွားအိုနှင့် အဘိုးအိုတို့၏ ပြဿနာအဖြေများကို သေချာစွာ မှတ်သား၏။ ထို့နောက် ပညာရှိအား ရိုသေစွာကန်တော့လေ၏။ ပညာရှိကြီးက ...

"အဘိုးက အသက်အရွယ် အိုမင်းလာပြီ၊ အဘိုးတစ်သက်တာမှာ လူပေါင်းများစွာရဲ့ စက္ခု(မျက်လုံး)နှစ်ကွင်းကို အလင်းရစေခဲ့တဲ့ မိုးကြိုးသွားအစစ်ကို လူကလေးကို လက်ဆောင်အဖြစ် ပေးလိုက်မယ်။ မျက်စိမမြင်သူများ တိမ်သလာတွေကို မိုးကြိုးသွားနဲ့ဆွဲပြီး ကုသပေးပါ"

ဟုဆိုကာ မိုးကြိုးသွားကို မောင်ဒီပါအား ပေးအပ်လေ၏။ မောင်ဒီပါသည် ပညာရှိကြီးအား ကန်တော့ကာ မိမိ မိခင်ရှိရာသို့ ပြန်လာခဲ့လေ၏။ လမ်းတွင် အဘိုးအို၏ တဲသို့ဝင်၍

"အဘိုးအို ခင်ဗျား၊ အဘိုးအိုစိုက်ပျိုးထားသော အုန်းပင်ရဲ့အနက်နှစ်တောင်လောက်မှာ ရွှေအိုး ငါးလုံး၊ ငွေအိုးငါးလုံး မြှုပ်ထားတာ ရှိနေပါတယ်။ အဲဒီရွှေအိုးနဲ့ ငွေအိုးများကို တူးဖော်ယူလိုက်ရင်... သူတို့ အောက်မှာရှိတဲ့ စိမ့်ရေများ ပန်းထွက်လာပါလိမ့်မယ်"

ဟု ပြောပြလေ၏။

အဘိုးအိုက..."မောင်ရင် ပြောတာတော့ သိရပါပြီ။ ဒါပေမဲ့ အဘိုးက အုန်းပင်အောက်က မြေသားနှစ်တောင်အနက်ကို တူးထုတ်နိုင်စွမ်း မရှိပါဘူး"ဟု ပြော၏။

ထိုအခါ မောင်ဒီပါက အုန်းပင်အောက်က မြေသားများကို တူးထုတ်ရာ အနက်နှစ်တောင်အရောက်တွင် ပညာရှိကြီး ပြောလိုက်သည့်အတိုင်း ရွှေအိုးငါးလုံး၊ ငွေအိုးငါးလုံးကို တွေ့ရလေ၏။ ၎င်းအောက်မှ စိမ့်ရေများလည်း ပန်းထွက်လာလေ၏။ အဘိုးအိုသည် ဝမ်းသာအားရဖြင့်

mgyoe.com

mgyoe.com


မောင်ဒီပါအား ရွှေအိုးတစ်လုံး၊ ငွေအိုးတစ်လုံး ပေးလေ၏။

မောင်ဒီပါသည် ရွှေအိုးနှင့်ငွေအိုးကို ကြိုးဖြင့်ချည်၍ တစ်ဖက် တစ်လုံး ထမ်းပိုးဖြင့် ထမ်းလာခဲ့လေ၏။

အဘွားအို၏ အိမ်သို့ ရောက်လျှင် ခဏနားလေ၏။ ထို့နောက် အဘွားအိုအား မောင်ဒီပါက ...

"အဘွားအိုခင်ဗျား၊ အဘွားရဲ့သမီးဟာ သူကြိုက်နှစ်သက်သူကို မတွေ့သေးလို့ စကားမပြောတာပါ။ သူကြိုက်နှစ်သက်သူကို တွေ့တာနဲ့ ချက်ချင်း စကားပြောလိမ့်မယ်လို့ ပညာရှိကြီးက ပြဿနာကို အဖြေရှာ ပေးလိုက်ပါတယ်"

ဟု ပြောလေ၏။ ထိုစဉ် အဘွားအို၏သမီးသည် အခန်းအပြင်သို့ ထွက်လာလေ၏။ မောင်ဒီပါအား မြင်တွေ့လျှင် ...

"သူ ဘယ်သူလဲ"

ဟု မေးလေ၏။

အဘွားအိုလည်း သူ့သမီး စကားပြောသဖြင့် ဝမ်းသာသွားလေ၏။ အဘွားအိုသည် သူ့သမီးစကားပြောလာအောင် ကူညီခဲ့သော မောင်ဒီပါ အား ကျေးဇူးတင်ကာ မောင်ဒီပါနှင့် သူ့သမီးအား လက်ထပ်ပေးလေ၏။

မောင်ဒီပါသည် ဇနီးဖြစ်သူအား ခေါ်ဆောင်ကာ မိခင်ရှိရာသို့ ပြန် လာခဲ့၏။ ရွှေအိုးနှင့်ငွေအိုးကို ထမ်း၍ ကြင်ရာနှင့် ပြန်လာသော မောင်ဒီပါကို မိခင်က ဝမ်းသာစွာ ဆီးကြိုလေ၏။ မောင်ဒီပါသည် ပညာရှိကြီးပေးလိုက်သော မိုးကြိုးသွားဖြင့် မျက်စိဝေဒနာသည်များအား ကုသပေးရင်း မိသားစုနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင် သွားလေသတည်း။

❒

mgyoe.com

mgyoe.com

# နောက်ပြောင်မိသူ၏ အမှား

တစ်ခါတုန်းက ဆိတ်များကို မွေးမြူသော ပိုင်ရှင်နှစ်ဦးသည် ခြံချင်း ကပ်လျက် နေကြလေ၏။ မောင်လှဆိုသော ဆိတ်ပိုင်ရှင်က စိတ်သဘောထားရိုးဖြောင့်သော်လည်း မောင်ဘဆိုသော ဆိတ်ပိုင်ရှင်က စိတ်သဘောထား ကောက်ကျစ်စဉ်းလဲလေသည်။

မောင်လှနှင့် မောင်ဘတို့သည် သူတို့မွေးမြူထားသော ဆိတ်များကို စားကျက်တစ်ခုစီတွင် လွှတ်ကျောင်းကြလေ၏။ စားကျက်မှ ဆိတ်များကို တောခွေးများက လူအလစ်တွင် ကိုက်သတ်ဆွဲယူသွားသဖြင့် ဆိတ်များ လျော့ပါးလာသည်ကို မောင်လှနှင့် မောင်ဘတို့ သိလာကြလေ၏။

"တောခွေးတွေကတော့ တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာပြီ။ ကြာရင် ခင်ဗျားရဲ့ဆိတ်တွေကော ကျုပ်ရဲ့ဆိတ်တွေပါ ကုန်လိမ့်မယ်" ဟု မောင်လှက ပြောရာ မောင်ဘက ...

"ခင်ဗျားဆိတ်တွေနဲ့ ကျုပ်ဆိတ်တွေကို ခွဲခြားရအောင် အမှတ်အသားတွေ ပြုထားကြပြီး ဆိတ်တွေပေါင်းလို့ စားကျက်မှာ လွှတ်

mgyoe.com



mgyoe.com

ကျောင်းထားကြမယ်။ ခင်ဗျားကတစ်ဖက် ကျုပ်ကတစ်ဖက် တောခွေးတွေရဲ့ ဘေးကို ကာကွယ်ကြတာပေါ့”

ဟု ပြော၏။

ထို့နောက် မောင်လှက သူ၏ဆိတ်များလည်ပင်းတွင် အဝတ်စများချည်နှောင်၍ အမှတ်အသားပြုထားလေ၏။ ဆိတ်များကို စားကျက်တွင် စုပေါင်း၍ လွှတ်ထားကာ မောင်လှက ဓားလှံလက်နက်ဖြင့် တစ်ဖက်မှ စောင့်ရှောက်၏။ မောင်ဘကတစ်ဖက်မှ စောင့်ရှောက်၏။ နေ့ခင်းဘက်တွင် တောခွေးများ၏ သောင်းကျန်းမှုမှ ကာကွယ်နိုင်သဖြင့် မောင်လှနှင့် မောင်ဘတို့မှာ ဝမ်းသာနေမိကြလေ၏။

သို့သော် တောခွေးများက ညဘက်တွင် ခြံအတွင်းသို့ တိုးဝှေ့ဝင်ပြီး ဆိတ်များကို ဖမ်းဆီးစားသောက်လာလေ၏။ ဤသည်ကို မောင်ဘက သိရှိ၍ မောင်လှ၏ အဝတ်စဆွဲထားသော ဆိတ်များ တောခွေးအစားခံရသည့်အသွင်ဖြစ်အောင် အဝတ်စများကိုဖြုတ်၍ ဖန်တီးထားလေ၏။

“ဒီလောက် စားကျက်ထဲမှာ သတိမပျက် စောင့်ရှောက်နေတဲ့ကြားက ကျုပ်ဆိတ်တွေ ပျောက်ဆုံးနေတာ အံ့ဩစရာပဲ”

ဟု မောင်လှက ပြော၏။ ထိုအခါ မောင်ဘက ...

“ခင်ဗျား ဆိတ်တွေရဲ့ လည်ပင်းမှာ အဝတ်စတွေချည်ထားတော့ တောခွေးတွေက အထူးအဆန်းထင်ပြီး ကိုက်သတ်စားတာနေလိမ့်မယ်။ ဒါမှမဟုတ် စားကျက်မှာ ခင်ဗျားစောင့်ရှောက်မှု ပေါ့လျော့လို့ နေလိမ့်မယ်” ဟု အပြစ်တင်စကား ဆိုလေ၏။

“ခင်ဗျား စောင့်ရှောက်နေတဲ့ဘက်က ဆိတ်ကို တောခွေးက အလစ်ဆွဲသွားတာကော မဖြစ်နိုင်ဘူးလား”

“အို ... လုံးဝမဖြစ်နိုင်ဘူး။ ကျုပ်က သတိဝီရိယ အမြဲရှိတဲ့လူ”

မောင်လှသည် ညဘက်တွင် မအိပ်စက်ဘဲ ဆိတ်များကို ကြည့်နေ

mgyoe.com

mgyoe.com

လေ၏။ မောင်ဘက နှစ်ခြိုက်စွာပင် အိပ်မောကျနေလေ၏။ ညဥ့်နက်သည့်အချိန်တွင် တောခွေးများသည် မောင်လှ၏ ခြံအတွင်းသို့ ဝင်၍ ဆိတ်များကို ဖမ်းဆီးစားသောက်ရန် ကြိုးစားနေလေ၏။ မောင်လှမြင်လျှင် တောခွေးများအား လေးမြားဖြင့် ပစ်၍ ခြောက်လှန့်လေသည်။ တောခွေးများ ထွက်ပြေးသွားကြလေ၏။

"ဗျို့ ... မောင်ဘ၊ ခြံအနားကို တောခွေးတွေလာတာ ဘာလို့မခြောက်လှန့်ရတာလဲဗျ"

ဟု မောင်လှက အော်၍မေး၏။ ထိုအခါမှ မောင်ဘသည် အိပ်ရာမှ နိုးသွားပြီး ခြံထဲမှဆိတ်များအား အမြဲစောင့်ရှောက်နေဟန်ဖြင့် ...

"ခြံထဲကို တောခွေးတွေဝင်လာမှ အသေသတ်ပစ်မယ် ကြံနေတုန်း ခင်ဗျားက ပစ်လိုက်တာကိုဗျ" ဟု ပြောလေ၏။

နေ့ဘက်တွင်ဆိတ်များအား စားကျက်တွင် လွှတ်ကျောင်းထားသော အခါတွင်လည်း မောင်ဘက ဂရုမစိုက်သဖြင့် ဆိတ်များ တစ်ကောင်ပြီး တစ်ကောင် တောခွေးစား ခံရလေ၏။ မောင်ဘက တောခွေးစားသော ဆိတ်မှာ မောင်လှ၏ဆိတ်ဖြစ်လေအောင် ဆိတ်လည်ပင်းမှ အဝတ်စကို ဖြုတ်ထားလေ့ရှိ၏။ မောင်ဘ၏မရိုးသားမှုကို မောင်လှသိသောအခါ ဆိတ်များကို သီးခြားပြန်ခွဲကာ မွေးမြူကြလေသည်။ မောင်လှက ခြံကို နှစ်ဆင့်ထပ်ခတ်ပြီး ဆိတ်များကို ထား၏။ မောင်ဘကမူ ယခင်အတိုင်း ထား၏။

မောင်လှသည် ဆိတ်ထားသောခြံထဲတွင် ညတိုင်းစောင့်၍ အိပ်၏။ ထို့ကြောင့် တောခွေးများက မောင်ဘခြံထဲသို့ ညတိုင်းဝင်ကာ ဆိတ်များကို ကိုက်ဖြတ်စားသောက်၏။

နေ့ဘက်တွင် ဆိတ်များကို စားကျက် သီးခြားထားပြီး လွှတ်ကျောင်းကြ၏။ သို့သော် စိတ်ထားဖြူစင်သော မောင်လှက ...

mgyoe.com

"တောခွေးတွေ ခင်ဗျားစားကျက်ထဲလာတာ မြင်ရင် ကျုပ်ကို အော်ခေါ်လိုက်၊ ကျုပ်လာခဲ့မယ်"

ဟု ... မောင်ဘကို မှာ၏။

မောင်ဘက မောင်လှကို နောက်ပြောင်ချင်နေသူဖြစ်၍ သူ့စားကျက်ထဲသို့ တောခွေးတွေ မလာဘဲနှင့် လာသည်ဟု ဟစ်အော်၏။ မောင်လှက တကယ်ထင်မှတ်၍ လေးမြားကို ကိုင်ကာ ပြေးလာ၏။ မောင်ဘက ဤသို့ သုံးလေးကြိမ်နောက်ပြောင်သည်ကို မောင်လှသိသွား၍ လာရောက်ကူညီရန် ဝန်လေးသွားလေ၏။ တစ်နေ့တွင် တောခွေးအုပ်သည် မောင်ဘစားကျက်ထဲတွင် လွှတ်ကျောင်းထားသော ဆိတ်များရှိရာသို့ ဦးတည်၍ လာနေ၏။ မောင်ဘက ...


"ဗျို့ ... မောင်လှ၊ ကျုပ်စားကျက်ထဲကို တောခွေးအုပ်လာနေပြီဗျို့" ဟု အော်ဟစ်အကူအညီတောင်း၏။ မောင်လှက မောင်ဘနောက်ပြောင်နေသည် ထင်မှတ်ကာ မသွားဘဲနေ၏။ သူ့ဆိတ်များကိုလည်း ခြံထဲသို့ မောင်းသွင်းလာခဲ့၏။ တောခွေးအုပ်က စားကျက်မှ ဆိတ်များအား ကိုက်သတ်ရာ ဆိတ်အားလုံး ကုန်လေ၏။

သူတစ်ပါးအား အစဉ်အမြဲ နောက်ပြောင်နေလျှင် မိမိစကားသည် မတည်ကြည်တော့ဘဲ မိမိ၏အကျိုးစီးပွားကိုသာ ဆုံးရှုံးစေကြောင်း မောင်ဘ နောင်တရသွားလေ၏။

❒

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ငပေါ၏ နောင်တ
## (ပင်ကိုရေးပုံပြင်)

တစ်ခါတုန်းက ရွာတစ်ရွာမှာ ငပေါဆိုသော လူငယ်တစ်ဦးရှိလေ၏။ ငပေါ၏မိဘနှစ်ပါးမှာ ငပေါငယ်စဉ်ကပင် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွား၍ ငပေါအား အဘိုးဖြစ်သူက ကျွေးမွေးစောင့်ရှောက်ထားလေ၏။ ငပေါသည် အသက်အားဖြင့် တစ်ဆယ့်ရှစ်နှစ်ရှိနေပြီဖြစ်သော်လည်း အသိဉာဏ်မှာ ကလေးသာသာမျှသာ ရှိလေ၏။

ငပေါသည် ရွာထဲမှကလေးများနှင့် ဆော့ကစားနေရလျှင် ပျော်ရွှင်နေတတ်သူဖြစ်၏။ ကလေးများကလည်း ငပေါကို ချစ်ခင်ကြ၏။ ငပေါသည် အလုပ်လုပ်ရမည်ကို အလွန်ပျင်းရိသူ ဖြစ်လေ၏။

"သား ... ငပေါရေ၊ အဘိုး ထမင်းချက်ဖို့ ထင်းခွဲပေးပါလား"

"ဟာ ... အဘိုးကလည်း ကျုပ် ထင်းမခွဲတတ်ပါဘူး"

အဘိုးဖြစ်သူသည် မိဘမဲ့ ငပေါကို ချစ်လွန်း၍ မရိုက်ရက်ပေ။ ငပေါချိုးမည့်ရေကိုပင် အဘိုးဖြစ်သူက ခပ်ပေးရလေသည်။ ငပေါသည် ပျင်းရိသော်လည်း အစားကောင်းကို နှစ်ခြိုက်သူ ဖြစ်လေ၏။ အဘိုးဖြစ်

mgyoe.com

mgyoe.com

သူက ခြံထဲတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပြီး ဟင်းသီးဟင်းရွက် ရောင်းရငွေဖြင့် မြေးအဘိုးနှစ်ဦး စားသောက်နေရခြင်း ဖြစ်၏။ ထို့ကြောင့် အသားဟင်းကို တစ်ခါတစ်ရံမှသာ ချက်ပြုတ်စားသောက်နိုင် လေသည်။

"အဘိုးကလည်း နေ့တိုင်းဟင်းသီးဟင်းရွက်နဲ့ချည်း စားနေရတယ်။ အသားဟင်း ချက်ကျွေးပါဦး"

ဟု ငပေါကပြောလေ၏။ အဘိုးဖြစ်သူက ...

"အဘိုးက အသက်အရွယ် အိုမင်းနေတော့ ပင်ပင်ပန်းပန်း အလုပ် လုပ်ပြီး ငွေမရှာနိုင်ဘူး။ ဒါပေမဲ့ ငါ့မြေးစားချင်တဲ့ အသားဟင်းကို အဘိုးချက်ကျွေးပါ့မယ်" ဟု ဆိုပြီး ငပေါကို နှစ်သိမ့်ထားလေ၏။

ငပေါသည် သူ၏ အဘိုး ချက်ကျွေးသော ဟင်းသီးဟင်းရွက်များကို မစားချင်လောက်အောင် ငြီးငွေ့လာသည့်အခါ ...

"အဘိုးရယ် ဒီဟင်းတွေကို နေ့တိုင်းစားလာရတာ မစားချင်တော့ဘူး။ အသားဟင်းနဲ့ပဲ ထမင်းစားချင်တယ်"

ဟု ငပေါက ငိုယိုကာ အဘိုးဖြစ်သူအား ပြောလေ၏။ အဘိုးဖြစ်သူမှာ အသက်အရွယ် အိုမင်းနေ၍ ငါးရှာ၊ ဖားရှာခြင်း မပြုနိုင်တော့ရာ ငပေါအတွက် စိတ်မကောင်းဖြစ်နေရလေ၏။ ငပေါက အသားဟင်း စားချင်ကြောင်း နေ့တိုင်းပြောလာသောအခါ အဘိုးဖြစ်သူက ... "သား ငပေါ။ ငါ့သားက အသားဟင်းစားချင်တယ်ဆိုရင်တော့ တောထဲမှာ သားကောင်ရှာမှ ဖြစ်လိမ့်မယ်။ အဘိုးက အသက်ကြီးပြီဆိုတော့ အပင် ပန်းမခံနိုင်တော့ဘူး။ ငါ့သားကို အဘိုး လေးပစ်နည်း၊ မြားပစ်နည်းတွေ သင်ပေးမယ်။ ဘယ်သားကောင်က ဘယ်အရပ်မှာ ရှိတယ်။ ဘယ်နေရာ ကနေပြီး ဘယ်လိုချောင်းမြောင်း ပစ်ရတယ်ကအစ သင်ပေးမယ်။ ငါ့သား သင်ယူထားပါ" ဟု ပြောလေ၏။

mgyoe.com

mgyoe.com

ငပေါသည် သူ့အဘိုးသင်ပေးသော လေးပစ်၊ မြားပစ်ကို သင်ယူလေ၏။ မကြာမီ ငပေါသည် လေးနှင့်မြားကို ထိမှန်အောင် ပစ်ခတ်နိုင်လာလေ၏။

"ငါ့သားက သားကောင်ကို မှန်အောင်ပစ်နိုင်ရင် အသားဟင်း စားရပြီပေါ့။ အဘိုးက ငါ့သား စိတ်တိုင်းကျ ချက်ကျွေးမယ်"

အဘိုးဖြစ်သူသည် ငပေါကို တောတွင်းထဲသို့ လွှတ်လိုက်လေ၏။ ငပေါသည် တောတွင်းထဲတွင် သားကောင်များကို ရှာဖွေလေ၏။ သို့သော် တစ်နေကုန်သည်အထိ မည်သည့်သားကောင်ကိုမျှ မရ၍ အဘိုးရှိရာသို့ ပြန်လာလေ၏။

"ဒီနေ့မရတော့လည်း ... နောက်နေ့ရမှာပေါ့ သားရယ် ..."

တောတွင်းသို့ အမဲလိုက်သွားသော ငပေါမှာ မည်သည့်သားကောင်မှ မရကြောင်း ရွာမှလူများ သိသွားလျှင် ငပေါအား ဝိုင်းဝန်းရယ်မောကာ ပြက်ရယ်ပြုကြလေ၏။ ငပေါက ရှက်ပြီး ငိုယိုလေ၏။

"ဘာငိုစရာရှိလဲ ... သားရယ်။ ငါ့သားက သားကောင်ကို ရအောင်ရှာနိုင်ရင် သူတို့ဘာပြောလို့ ရတော့မှာလဲ"

ငပေါသည် မခံချင်စိတ်ဖြင့် တောတွင်းသို့ သွားလေ၏။ တောတွင်းထဲမှ စမ်းချောင်းငယ်တွင် ရေသောက်နေသော သမင်အုပ်ကို တွေ့လျှင် ငပေါသည် မြားဖြင့် ချောင်းမြောင်းပစ်ခတ်လေ၏။ သမင်အုပ်ထဲမှ သမင်တစ်ကောင်ကိုထိမှန်ပြီး လဲကျသေဆုံးသွားလေ၏။ ငပေါသည် သမင်ကို ထမ်း၍ အဘိုးထံသို့ ပြန်လာလေသည်။

"ဟာ... ငပေါက သမင်တစ်ကောင်ရလာတယ်၊ သိပ်တော်ပါလား"

ဟု ရွာသားများက ပြောကြလေသည်။ အဘိုးဖြစ်သူသည် ငပေါအား သမင်သားဟင်း ချက်ကျွေးလေ၏။ ငပေါသည် သမင်သားဟင်းစားရင်း ပီတိဖြစ်နေလေ၏။

mgyoe.com

mgyoe.com


နောက်ရက်များတွင်လည်း သမင်၊ ဒရယ်၊ ချေ၊ ယုန်၊ ဖွတ်၊ ပုတတ်များကို ဖမ်းဆီးမိလာလေ၏။ အဘိုးဖြစ်သူသည် သူ၏မြေးငပေါ အလုပ်ကို မပျင်းတော့၍ ဝမ်းသာလာလေ၏။

တစ်နေ့တွင် ငပေါသည် တောတွင်းမှ နို့စို့အရွယ် ကျားကလေး တစ်ကောင်ကို ဖမ်းလာခဲ့လေ၏။ ထိုအခါ အဘိုးဖြစ်သူက ...

"ငါ့သားရယ်၊ ကျားကလေးကို ဘာဖြစ်လို့ ဖမ်းလာရတာလဲ၊ သူ့သားပျောက်ရင် မိခင်ကျားမကြီးက လိုက်ရှာရင်း ရွာကိုရောက်လာလိမ့်မယ်"

"ကျုပ် မွေးထားချင်လို့ပါ အဘိုးရယ်"

"ခက်တော့တာပဲ ငါ့မြေးရယ်၊ လူသားစားတဲ့ သတ္တဝါကို မွေးမြူထားရင် တစ်နေ့ မိမိကို ဒုက္ခပေးလိမ့်မယ်"

ဟု ပြောပြလေ၏။

သူ့အဘိုးပြောသည့်အတိုင်းပင် မိခင်ကျားမကြီးသည် သားငယ်ကို ရှာရင်း ငပေါတို့နေသော ရွာသို့ ရောက်လာလေ၏။ ရွာထဲသို့ဝင်၍ ကျွဲ၊ နွား၊ လူများအား ကိုက်သတ်လေ၏။ ရွာသူရွာသားများသည် ကျားဆိုးရန်ကို ကြောက်ရွံ့၍ အခြားဒေသသို့ ထွက်ပြေးကြလေသည်။ ထိုရွာတွင် ငပေါတို့ မြေးအဘိုးသာ ကျန်ရစ်ခဲ့လေ၏။

"ငါ့သား ငပေါ၊ ရွာက လူတွေကတော့ ကျားဆိုးရန်ကို ကြောက်ပြီး ပြေးကုန်ကြပြီ။ ကျားကလေးကို ပြန်လွှတ်ပေးလိုက်ပါကွယ်။ သူ့အမေကျားမကြီးက အဘိုးတို့ မြေးအဘိုးကို အန္တရာယ်ပြုလိမ့်မယ်"

"မွေးချင်လို့ ဖမ်းလာတာ၊ ပြန်မလွှတ်နိုင်ပါဘူး"

ငပေါသည် အဘိုးဖြစ်သူ၏ စကားကို နားမထောင်ပေ။ အဘိုးဖြစ်သူကလည်း ငပေါကို ထပ်ကာထပ်ကာ ပြောမိလျှင် ငပေါစိတ်မချမ်းမသာဖြစ်မည်စိုး၍ ဆက်မပြောတော့ချေ။ ညဘက်တွင် ကျားမကြီးသည်

mgyoe.com

mgyoe.com


ရွာထဲတွင် လှည့်ပတ်သွားလာပြီး သားပျောက်ကို ရှာနေလေ၏။

"ငါ့သား ငပေါ၊ သူများ မိသားစုတွေကို တကွဲတပြားဖြစ်အောင် မလုပ်ကောင်းဘူး။ ဝဋ်လိုက်တတ်တယ်။ ကျားမကြီးခမျာ သူ့ရင်မှာ လွယ်မွေးခဲ့ရတဲ့ သားလေးပျောက်လို့ ဘာအန္တရာယ်ကိုမှ မကြောက်ရွံ့တော့ဘဲ လိုက်ရှာနေတာ ငါ့သားအသိပဲ။ ငါ့သားလေး ပျောက်သွားရင် အဘိုးလည်း ရင်ပူအောင်ခံစားရမှာပဲ၊ ကျားမကြီး သနားပါတယ်ဟု ဆုံးမပြောဆိုလေ၏။ ငပေါက ခေါင်းမာနေ၏။ အဘိုးဖြစ်သူမှာ လက်လျှော့လိုက်ရလေ၏။

တစ်ညတွင် ကျားမကြီးသည် ငပေါတို့နေသော တဲအိမ်မှ အသံပြုလေ၏။ ကျားကလေးသည် မိခင်၏အသံကိုကြားလျှင် တဲပေါ်မှ မနားတမ်း အော်လေသည်။ ကျားမကြီးသည် သူ၏သားအသံကို ကြားလျှင် တဲပေါ်သို့ တက်လာပြီး ငပေါတို့မြေးအဘိုးကို အန္တရာယ်ပြုလေ၏။ ငပေါ၏အဘိုးသည် အသက်အရွယ်ကြောင့် ကျားမကြီးကို ပြန်လည် မခုခံနိုင်၍ ကျားကိုက်ခံရပြီး သေဆုံးရလေ၏။ ငပေါမှာလည်း ကျားမကြီးအား ခုခံရင်း အသက်လုကာ ပြေးရလေသည်။ ကျားမကြီးသည် သားငယ်ကိုခေါ်၍ တောတွင်းသို့ ပြန်သွားလေသည်။


ငပေါသည် သူ့အဘိုး၏အလောင်းအား ဖက်ကာ ငိုယိုလေ၏။ အဘိုး၏စကားကို နားမထောင်ခဲ့၍ သူ့ကြောင့် သူ့အဘိုးသေဆုံးရသည်ကို နောင်တရမိလေသည်။ သို့သော် ငပေါ၏ နောင်တမှာ နောက်ကျသွားလေပြီ။ သူ့အဘိုးပြောသော ဝဋ်လည်ခြင်းကို ငပေါသိရှိသွားရပြီး အဘိုးကို သတိရတိုင်း အဘိုး၏ မြေပုံဘေးတွင် ထိုင်ကာ ငပေါသည် ငိုယို၍သာ နေလေတော့၏။

□

mgyoe.com

mgyoe.com

# ပါးနပ်သော မြင်း



mgyoe.com

mgyoe.com

# ပါးနပ်သော မြင်း

## (ပင်ကိုရေးပုံပြင်)

တစ်ခါတုန်းက တိရစ္ဆာန်တို့၏ ပြောစကားကို နားလည်သူတစ်ဦးတွင် လယ်ထွန်ရန် နွားတစ်ရှဉ်းရှိ၏။ ထိုနည်းတူ တစ်ခါတစ်ရံ ခရီးသွားလျှင် စီးနင်းရန် မြင်းတစ်ကောင်လည်း ရှိလေ၏။

တစ်နေ့တွင် နွားများက မြင်းကိုကြည့်ပြီး ...

"အို...မြင်း၊ သင်သည် အလွန်ကံကောင်းပါသည်။ သင့်ကိုသခင်က ခရီးသွားသည့်အခါသာ စီးနင်း၏။ ကျန်သည့်အချိန်တွင် သင့်မှာနားနေခွင့်ရလေ၏။ ငါတို့မှာမူ နေ့ရှိသ၍ လယ်ထွန်ရသည်။ စပါးနယ်ရသည်။ သခင် တောတက်သည့်အခါ သစ်၊ ဝါးများကို သယ်ဆောင်ပေးရသည်။ အားလပ်ခွင့်မရပါ။ သင့်လိုကုလားပဲလည်းမစားရပါ။ မြက်နှင့် ကောက်ရိုးကိုသာ ရှာစားရပါသည်"

ဟု ညည်းညူပြောဆိုလေ၏။

ထိုအခါ မြင်းက...."အသင်နွားတို့၊ အသင်တို့နားခွင့်ရရန် နည်းလမ်းက အလွယ်ကလေးပါ။ သင်တို့နေမကောင်းချင်ဟန်ဆောင်ပြီး သခင်၏

mgyoe.com

mgyoe.com


ရှေ့တွင် အစာမစားဘဲ နေကြပါ...။ အလုပ်မလုပ်ရဘဲ နေရပါလိမ့်မည်"

ဟု အကြံဉာဏ်ပေးလေ၏။

နွားနှင့်မြင်းတို့ပြောသော စကားများကို သခင်ကကြားလေ၏။ နောက်တစ်နေ့တွင် နွားနှစ်ကောင်သည် နေမကောင်းဟန်ပြ၍ အစာမစားဘဲနေလေ၏။ သခင်ကနွားများ၏ ဉာဏ်များပုံကို မသိသလိုနေ ပြ၏။ မြင်းသည် နွားများအား မကောင်းသော လိမ်ဉာဏ်ပေးသည်ဟု သိလေ၏။

"ဒီနေ့ ငါ့နွားတွေ နေမကောင်းကြဘူး။ လယ်ယာလုပ်ငန်းကလည်း အမြန်ဆုံး ပြီးစီးမှဖြစ်မယ်။ ဒီနေ့တော့ ထွန်မှာမြင်းကိုတပ်ပြီး ထယ်ထိုးရမယ်"ဟုဆိုကာ သခင်သည် မြင်းဖြင့် ထယ်ထိုးလေ၏။ နွားများမှာ အနားရ၍ ဝမ်းသာနေကြလေ၏။

ထို့နည်းတူ နွားများသည် နောက်နေ့တွင် လက်နာချင်ဟန်ဆောင်ပြီး အစာမစားဘဲနေသဖြင့် သခင်က မြင်းကိုသာ အသုံးပြုပြီး လယ်ထွန်၏။ မြင်းမှာ ပင်ပန်းလွန်းသဖြင့် မောဟိုက်နေလေ၏။ ညနေအလုပ်သိမ်းချိန်တွင် မြင်းသည် နွားများထံသို့လာ၍....

"အသင်နွားတို့ သင်တို့နေမကောင်းဟန်ပြပြီး အစာမစားဘဲ ရက်ဆက်နေပြလျှင် သခင်က သင်တို့အား နွားသတ်သမားထံ ရောင်းလိမ့်မယ်ဟု ကျွန်ုပ်ထင်ပါသည်။ သင်တို့အစာကို ပြန်စားပြပါ။ သို့မှသခင်က သင်တို့နေကောင်းလာပြီဟု သိပေလိမ့်မယ်။ သင်တို့သားသတ်သမားထံသို့ ရောက်သွားမည်ကို ကျွန်ုပ်မမြင်လိုပါ"

ဟု အကြံဉာဏ်ပေးပြန်၏။ သခင်သည် သူ၏ပါးနပ်ပုံကို သဘောကျနေလေ၏။

□

mgyoe.com

mgyoe.com

# ဉာဏ်များသောသူခိုးနှင့် ပါးနပ်သောသူဌေး

(ပင်ကိုရေးပုံပြင်)

တစ်ခါတုန်းက သူဌေးတစ်ဦးသည် မိမိပိုင်ဆိုင်သည့် ရွှေထုပ်ကို ညဉ့်အခါ သင်္ချိုင်းထဲသို့ တိတ်တိတ်ပုန်းသွား၍ မြှုပ်နှံထားလေ့ရှိသည်။ သူခိုးတစ်ဦးသည် သူဌေး၏အိမ်အတွင်းသို့ အခေါက်ပေါင်းများစွာဝင်၍ ရှာဖွေပါသော်လည်း မည်သည့်ရွှေပစ္စည်းကိုမျှ မတွေ့၍ စဉ်းစားရ ခက်နေလေ၏။

တစ်ညတွင် သူခိုးသည် သူဌေး၏အိမ်သို့ခိုးရန်လာစဉ် သူဌေးက သင်္ချိုင်းဘက်သို့ထွက်သွားသည်ကိုမြင်၍ သင်္ချိုင်းသို့လိုက်သွားကာ မသာအခေါင်းပြင်ထားသောလူသေကို တစ်နေရာတွင်ဝှက်ထားပြီး အခေါင်းထဲသို့ ဝင်နေလေ၏။ သူဌေးက ရွှေထုပ်မြှုပ်ပြီးသည့်အချိန် ဖြစ်နေ၍ ဘာမျှမသိလိုက်ရချေ။

နောက်နေ့ညတွင် သူခိုးသည် သင်္ချိုင်းသို့အလျင်သွား၍ အခေါင်း ထဲတွင် ပုန်းဝင်ပြီးစောင့်နေလေ၏။ သူဌေးလည်း မိုးချုပ်သည်နှင့် ရွှေထုပ်ကိုပိုက်၍ သင်္ချိုင်းသို့ရောက်လာလေသည်။ သူဌေးသည် သူခိုး

mgyoe.com